Myanmar National Human Rights Commission

e-Newsletter

Vol.2 No.1 January

# (၇၄) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပခြင်း






ဒီဇင်ဘာလ ၁၃ ရက်

(၇၄) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပါသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားခဲ့ရာတွင် ယနေ့ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်သည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အထိမ်းအမှတ် အခါသမယ ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂက လူသားအားလုံးအတွက် လူ့အခွင့်အရေးစံများပါဝင်သည့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို ထုတ်ပြန်နိုင်ခဲ့သည်မှာ ယနေ့ဆိုလျှင် (၇၄) နှစ် တိုင်ခဲ့ပြီဖြစ်ပါကြောင်း။

## နှစ်စဉ် ကျင်းပပြုလုပ်

မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ရေးရပြီး မကြာမီ ၁၉၄၈ ခုနှစ် ဧပြီ ၁၉ ရက်တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီး ၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက် ကုလသမဂ္ဂအထွေထွေညီလာခံ၌ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအတည်ပြု ထုတ်ပြန်နိုင်ရေးအတွက် မဲခွဲဆုံးဖြတ်ရာတွင် ထောက်ခံမဲပေးခဲ့သည့် နိုင်ငံဖြစ်ပါကြောင်း၊ ကုလသမဂ္ဂက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အတည်ပြု ထုတ်ပြန်ခဲ့သည့် ဒီဇင်ဘာ ၁၀ ရက်နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံအသီးသီး၌ လူ့အခွင့်အရေးနေ့အထိမ်းအမှတ် အခမ်းအနားများကို နှစ်စဉ် ကျင်းပပြုလုပ်လေ့ရှိကြပါကြောင်း။

## အရေးပါသည့်အနှစ်သာရများ

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၌ "လူသားအားလုံးသည် လွတ်လပ်သူများအဖြစ် မွေးဖွားလာကြပြီး ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူရည်တူရှိကြသည်" ဟု ဖော်ပြပါရှိသကဲ့သို့ လူသားအားလုံးအနေဖြင့် မိမိတို့၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် သူတစ်ပါး၏ ဂုဏ်သိက္ခာနှင့် အခွင့်အရေးကို အသိအမှတ်ပြုပြီး လေးစားတန်ဖိုးထားခြင်း၊ ခွဲခြားမှု မပြုဘဲ တန်းတူညီမျှရှိစေခြင်းတို့သည်လည်း လူ့အခွင့်အရေး၏ အရေးပါသည့် အနှစ်သာရများပင် ဖြစ်ပါကြောင်း။

ထို့ပြင် လူ့အခွင့်အရေးကို လက်ခံရယူကျင့်သုံးကြရာတွင်လည်း လူ့အဖွဲ့အစည်းအတွက် တရားမျှတသည့် လိုအပ်ချက်များဖြစ်သော ကိုယ်ကျင့်တရားများ၊ အများပြည်သူ အေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်းသာ ကျင့်သုံးရမည်ဟုလည်း ယင်းကြေညာစာတမ်း၌ အထင်အရှား ဖော်ပြပါရှိပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် လူ့အခွင့်အရေးကို ကျင့်သုံးကြရာတွင် မိမိတို့၏ လွတ်လပ်ခွင့်နှင့် အခွင့်အရေးများကို ရယူသကဲ့သို့ သူတစ်ပါး၏လွတ်လပ်ခွင့်နှင့် အခွင့်အရေးကိုလည်း လေးစား တန်ဖိုးထားပြီး လိုက်နာဆောင်ရွက်ရမည့် တာဝန်များ၊ ကျင့်ဝတ်များကိုလည်း လျစ်လျူမရှုကြရန်၊ မပျက်ကွက်ကြရန်လိုကြောင်း။

## ကာကွယ်စောင့်ရှောက်

ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းတွင် ပါရှိသည့် လူ့အခွင့်အရေးစံများကို လေးစားသည့်အနေဖြင့် ကမ္ဘာ့နိုင်ငံအများစုသည် ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အဆိုပါစံများကို ထည့်သွင်းရေးဆွဲပြဋ္ဌာန်းထားသည်ကို တွေ့ရပါကြောင်း၊ အလားတူ မိမိတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင်လည်း နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို အခန်းတစ်ခန်းအဖြစ် ထည့်သွင်းရေးဆွဲပြဋ္ဌာန်းထားပါကြောင်း၊ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ပိုမိုကာကွယ် စောင့်ရှောက်နိုင်ရန်အတွက် **"မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥပဒေ"**ကို ပြဋ္ဌာန်းထားပြီး ဥပဒေနှင့်အညီ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းထားရှိကာ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် အသိပညာပေးမှုကို မြှင့်တင်ကြပ်မတ် စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း။



မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးကို လေးစားတန်ဖိုးထားပြီး ကျင့်သုံးလိုက်နာ ပူးပေါင်း ဆောင်ရွက်နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး အဓိကသဘောတူစာချုပ်များဖြစ်ကြသည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်၊ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်နှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တို့တွင် စာချုပ်ဝင်နိုင်ငံအဖြစ် ပါဝင်ချုပ်ဆိုခဲ့ပါကြောင်း၊ အဆိုပါ စာချုပ်များနှင့် ဆက်စပ်နေသည့်



နောက်ဆက်တွဲ သဘောတူစာချုပ်တစ်ချို့ကိုလည်း ပါဝင်ချုပ်ဆိုထားပြီး ဖြစ်ပါကြောင်း။

## ငြိမ်းချမ်းရေးဆွေးနွေးမှုများ ဆောင်ရွက်နေ

နိုင်ငံသူနိုင်ငံသားများ အခြေခံအခွင့်အရေးများကို ခံစားရရှိပြီး လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာစေရေးအတွက် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုရှိရေးတွင်လည်း အဓိကကျပါကြောင်း၊ ထို့ကြောင့်လည်း တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ တန်းတူညီမျှရေးနှင့် အမျိုးသားစည်းလုံး ညီညွတ်ရေးကို ကြိုးပမ်းအကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိရာတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးကို ဖိတ်ခေါ်တွေ့ဆုံပြီး ငြိမ်းချမ်းရေးဆွေးနွေးမှုများကို အလေးပေးဆောင်ရွက်နေသည်ကို အားလုံး အသိပင်ဖြစ်ပါကြောင်း။

## လူ့အခွင့်အရေးကို တန်ဖိုးထား

မိမိတို့နိုင်ငံ၏တိုင်းရင်းသားများသည် ဘာသာတရားနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံ၊ လူမျိုး၏ ပင်ကိုစရိုက်လက္ခဏာများအရလည်း လူသားအချင်းချင်း လေးစားမှုနှင့် လူ့အခွင့်အရေးကို တန်ဖိုးထားမှုရှိသည့်နိုင်ငံနှင့် လူမျိုးများလည်း ဖြစ်ပါကြောင်း၊ လူသားများ၏ ကောင်းကျိုးအတွက် လူတို့လိုက်နာအပ်သည့် အကြောင်းတရား၊ အမူအကျင့်၊ အပြောအဆို၊ အနေအထိုင် စသည့် လမ်းညွှန်ဆုံးမ စကားများ၊ တစ်နည်းအားဖြင့် နီတိတို့သည်လည်းကောင်း၊ လူမှုရေးရာနှင့် ပတ်သက်သည့် သားသမီး ကျင့်ဝတ်၊ မိဘကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ ဆရာ့ကျင့်ဝတ်၊ လင်ကျင့်ဝတ်၊ မယားကျင့်ဝတ်၊ မိတ်ဆွေကျင့်ဝတ်၊ အကြီးအကဲကျင့်ဝတ်၊ နာယကဂုဏ်အစရှိသည့် ပေါင်းသင်းဆက်ဆံမှု နယ်ပယ်အလိုက် လိုက်နာစောင့်ထိန်းအပ်သည့် ဝတ္တရားများ၊ တစ်နည်းအားဖြင့် ကျင့်ဝတ်တို့သည်လည်းကောင်း၊ လူသားများ၏ ကောင်းကျိုးပွားရာ ဆောင်ကြဉ်းအပ်သည့်၊ လိုက်နာအပ်သည့် မင်္ဂလာတရားများဖြစ်သော ၃၈ ဖြာ မင်္ဂလာ၊ ပေါင်းသင်းဆက်ဆံရေးမင်္ဂလာ၊ နေထိုင်ရေးမင်္ဂလာ၊ သင်ကြားရေးမင်္ဂလာ၊ ပြုစုလုပ်ကျွေးရေးမင်္ဂလာ၊ ကူညီဆောင်ရွက်ရေးမင်္ဂလာ၊ ရှောင်ကြဉ်လိုက်နာရေးမင်္ဂလာ၊ စိတ်ထားဖြူစင် မြင့်မားရေးမင်္ဂလာ၊ သည်းခံခြင်းမင်္ဂလာ၊ မြိုးမြံခြင်းမင်္ဂလာ၊ စိတ်ထားခိုင်မာရေးမင်္ဂလာ စသည့် မြတ်မင်္ဂလာတို့သည်လည်းကောင်း၊ မြန်မာ့လူ့အဖွဲ့အစည်းတွင် လက်ခံကျင့်သုံးကြသည့် ဓလေ့ထုံးတမ်းဥပဒေအဖြစ် လူအများစုက လက်ခံလိုက်နာ လုပ်ဆောင်နေကြသော ကောင်းကျိုးတရားများ ဆိုသည်ကို တွေ့ရှိနိုင်မည်ဖြစ်ပါကြောင်း။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာမ်း အတည်ပြုထုတ်ပြန်ခဲ့သည်မှာ လာမည့် ၂၀၂၃ ခုနှစ်တွင် (၇၅)နှစ်ပြည့်မြောက်မည်ဖြစ်သည့်အတွက် ယနေ့ (၇၄) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့မှစပြီး လာမည့်နှစ် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အထိ တစ်နှစ်တာကာလ ပတ်လုံးကို လူသားအားလုံးအတွက် အရေးပါသည့် အမွေအနှစ်ဖြစ်သော ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို အလေးပေး ထင်ဟပ်ဖော်ညွှန်းဂုဏ်ပြုသည့် လှုပ်ရှားဆောင်ရွက်ချက်များဖြင့် လေးစားလိုက်နာ ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ပြည်သူအားလုံးက ပိုမိုသိရှိနားလည်သဘောပေါက်ပြီး လူ့အခွင့်အရေးနှင့် ဆက်နွှယ်ပတ်သက်သည့် အပြုသဘောဆောင်သော သဘောထားအမြင်များ၊ ခံယူလိုက်နာကျင့်သုံးမှုများ ပိုမိုဖြစ်ထွန်းလာရေးအတွက် အသိပညာပေးလှုပ်ရှားမှုများနှင့်အတူ လူ့အခွင့်အရေးကို လေးစားလိုက်နာကျင့်သုံးသည့် လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းလာစေရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရန် အလေးအနက် တိုက်တွန်းပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးလှမြင့်က လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်း

တင်ပြပြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်းက ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ Message ကို ဖတ်ကြားခဲ့ပါသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသော Video Clip ကို ကြည့်ရှုခဲ့ကြပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌက (၇၄) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် ကဗျာ၊ ကာတွန်း၊ ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ထို့နောက် Myanmar National Human Rights Commission (MNHRC) Application ကို မိတ်ဆက်ပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက အားလုံးအတွက် လူ့အခွင့်အရေးသီချင်းဖြင့် ကပြဖျော်ဖြေခဲ့ကြပါသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိခဲ့ပါသည်။



## ကော်မရှင်ပုံမှန်အစည်းအဝေးနှင့် အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများ ကျင်းပခြင်း

ဒီဇင်ဘာလ ၂၆ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ပုံမှန်အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၂၂) ကို ၂၆-၁၂-၂၀၂၂ ရက်နေ့တွင် Conference Room တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဘာသာရပ်တာဝန်ခံ ကော်မရှင် အဖွဲ့ဝင်များက တင်ပြဆွေးနွေးခဲ့ကြပါသည်။ ကော်မရှင်၏ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၂၂) ကို ၅-၁၂-၂၀၂၂ ရက်နေ့တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အလှည့်ကျ ကော်မရှင် အဖွဲ့ဝင်များဖြစ်သည့် ဒေါက်တာသန်းမြင့်၊ ဒေါ်နုနုယဉ်၊ ကော်မရှင်ရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

# မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ၌ ကျင်းပပြုလုပ်ခဲ့သော (၇၄) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပခြင်းနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ရှင်းလင်းခြင်း အခမ်းအနား ကျင်းပခြင်း



ဒီဇင်ဘာလ ၁၆ ရက်

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့၊ နံနက် ၀၉:၀၀ နာရီတွင် နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ၌ ကျင်းပပြုလုပ်ခဲ့သော (၇၄) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဆိုင်ရာ အထိမ်းအမှတ်နေ့ ကျင်းပခဲ့ခြင်းနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ရှင်းလင်းခြင်း အခမ်းအနားကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့၊ နံနက် ၁၀:၀၀ နာရီအချိန်တွင် ကော်မရှင် ရုံး၊ Conference Room ၌ Hybrid System ဖြင့် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လူ့အခွင့်အရေးဆိုင်ရာ အထိမ်းအမှတ်ပြိုင်ပွဲများ၌ ဆုရရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အခမ်းအနား၌ ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်က ဦးစွာ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ထို့နောက် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့၊ နံနက် ၀၉:၀၀ နာရီတွင် နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ၌ ကျင်းပပြုလုပ်ခဲ့သော (၇၄) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပခဲ့ခြင်းနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူး ဦးသူရကျော်က ပြန်လည်ရှင်းလင်းတင်ပြခဲ့ပါသည်။ ယင်းနောက် ၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၌ ကျင်းပ ပြုလုပ်ခဲ့သည့် လူ့အခွင့်အရေးဆိုင်ရာ အထိမ်းအမှတ်နေ့များဖြစ်သည့် မြန်မာအမျိုးသမီးများနေ့၊ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်နေ့နှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ စသည့် အထိမ်းအမှတ်ပြိုင်ပွဲများ၊ ၂၀၂၂ ခုနှစ်အတွင်း သင်တန်းထူးချွန်ဆုနှင့် ဌာနအလိုက် ဝန်ထမ်းစွမ်းဆောင်ရည် ဆုရရှိသူများအား ကော်မရှင် ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များက ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ဆက်လက်၍ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်



နေ့တွင် နေပြည်တော်၊ MICC 1 ၌ ကျင်းပပြုလုပ်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် စပ်လျဉ်းသည့် မှတ်တမ်း Video အား ပြသခဲ့ပါသည်။ ထို့နောက် ပြိုင်ပွဲများတွင် ဆုရရှိသူများကိုယ်စား ဦးစီးအရာရှိ ဒေါ်မေနှင်းသူက ကျေးဇူးတင်စကားပြောကြား၍ **"အားလုံးအတွက် လူ့အခွင့်အရေး"** တေးသီချင်း သရုပ်ဖော် Video ပြသပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံများ ရိုက်ကူးခဲ့ကြပြီးနောက် အခမ်းအနားကို နေ့လယ် ၁၁:၃၀ နာရီ အချိန်တွင် အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။




## ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု တင်ပြဆွေးနွေးခြင်း အစီအစဉ် ကျင်းပခြင်း




ဒီဇင်ဘာလ ၂၃ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ရုံးဝန်ထမ်းများ လူ့အခွင့်အရေးအသိပညာဗဟုသုတ တိုးပွားလာစေရန်နှင့် အင်္ဂလိပ်စာစွမ်းရည် တိုးတက်မြင့်မားလာစေရန် ရည်ရွယ်လျက် ၂၀၂၂ ခုနှစ်၊ မေလမှ စတင်၍ ဌာနအလိုက်လုပ်ငန်း ဆောင်ရွက်မှုနှင့် လူ့အခွင့်အရေးဆိုင်ရာ အကြောင်းအရာများကို အင်္ဂလိပ်ဘာသာဖြင့် ဆွေးနွေးတင်ပြသည့် အစီအစဉ် ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ အတွက် အဆိုပါအစီအစဉ်ကို ၂၃-၁၂-၂၀၂၂ ရက်နေ့၊ ၁၃:၀၀ နာရီအချိန်တွင် ကော်မရှင်ရုံး၊ Conference Room ၌ Hybrid Format ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြား ရေးမှူးများနှင့် ကော်မရှင်ရုံး (ရုံးချုပ်နှင့် ရုံးခွဲ) များမှ အရာထမ်း/ အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အခမ်းအနားတွင် ကော်မရှင်ဥက္ကဋ္ဌမှ အဖွင့်အမှာစကား ပြောကြားခဲ့ပြီးနောက် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးဌာန၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ဆွေးနွေး တင်ပြမည့် အကြောင်းအရာနှင့်ပတ်သက်၍ အကျဉ်းချုပ် ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့နောက် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေး ဌာနမှ ဦးစီးအရာရှိ ဦးကောင်းခန့်ဇင်က “The role of awareness raising in human rights” ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြခဲ့ပါသည်။ ဆက်လက်၍ ဆွေးနွေးတင်ပြမှုအပေါ် ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များက လိုအပ်သည်များ အကြံပြုဆွေးနွေးကြပြီးနောက် သိရှိလိုသည့် မေးခွန်းများကို မေးမြန်းခဲ့ကြပြီး အခမ်းအနားကို ၁၄:၀၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။




## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ခြင်း အထူးအစည်းအဝေး ကျင်းပခြင်း



ဒီဇင်ဘာလ ၁၅ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ခြင်း အထူးအစည်းအဝေးကို ၁၅-၁၂-၂၀၂၂ ရက်နေ့တွင် Hybrid ဖြင့် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင် ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ခြင်းနှင့် စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ဝင်များက ဆွေးနွေးခဲ့ကြပါသည်။

## ခွင့်အကြောင်းသိကောင်းစရာများ သင်တန်းပို့ချခြင်း



ဒီဇင်ဘာလ ၃၀ ရက်

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံး Conference Room ၌ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးမှ ခွင့်အကြောင်းသိကောင်းစရာများနှင့် စပ်လျဉ်းပြီး ၃၀-၁၂-၂၀၂၂ ရက်နေ့၊ နံနက် ၁၀:၀၀ နာရီမှ ၁၂:၀၀ နာရီ အချိန်အထိ သင်တန်းပို့ချခဲ့ရာ ကော်မရှင် ဝန်ထမ်း (၃၀) ဦး တက်ရောက်ခဲ့ပါသည်။

---

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့ရှိ အိုင်ကလောင် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းအား ကြည့်ရှုစစ်ဆေးခြင်း

ဒီဇင်ဘာလ ၂၃ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးတင်အောင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၃-၁၂-၂၀၂၂ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်ရှိ အိုင်ကလောင် စိုက်ပျိုးမွေးမြူရေးနှင့်အသက်မွေးမှု အတတ်သင်စခန်းအား သွားရောက်၍ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းအား ကြည့်ရှုစစ်ဆေးစဉ် ကော်မရှင် ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေ လုပ်ထုံးလုပ်နည်း ထုတ်ပြန်ချက်များနှင့်အညီ အကျဉ်းသားများကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ၊ မရှိ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာ ရရှိခြင်း ရှိ၊ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ၊ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ ကိုဗစ်ကာကွယ်ဆေး ထိုးနှံပြီးစီးမှု၊ ကုန်ထုတ်လုပ်နေမှုအခြေအနေ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းအား ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများ၏ အိပ်ဆောင်များ၊ ထောင်တွင်းဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သောက်ရေနှင့် သုံးရေကန်များ၊ မိလ္လာများ သန့်ရှင်းမှု ရှိ၊ မရှိ၊ ကုန်ထုတ်စခန်းလုပ်ငန်းခွင်အန္တရာယ် ရှိ၊ မရှိ မြေပြင်အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ဗဟုသုတရဖွယ်ရာ စာအုပ်စာပေ ၅၀ အုပ်ကို ကော်မရှင်မှ လှူဒါန်းခဲ့ရာ တာဝန်ခံအရာရှိများမှ လက်ခံရယူခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့ဆောင်ရွက်သွားမည် ဖြစ်ပါသည်။



## နားမကြားသော ကလေးများကျောင်း (ရန်ကုန်) နှင့် မေရီချက်ပ်မင်း နားမကြားကျောင်းတို့ကို ကြည့်ရှုစစ်ဆေးခြင်း



ဒီဇင်ဘာလ ၂၉ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဒေါက်တာသန်းမြင့်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၉-၁၂-၂၀၂၂ ရက်နေ့တွင် နားမကြားသော ကလေးများကျောင်း (ရန်ကုန်) နှင့် မေရီချက်ပ်မင်း နားမကြားကျောင်းတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် နားမကြားသော ကလေးများကျောင်း(ရန်ကုန်)နှင့် မေရီချက်ပ်မင်း နားမကြားကျောင်းတို့တွင် ကျောင်းသားကျောင်းသူများအား စာပေသင်ကြားပေးနေမှု အခြေအနေ၊ ကလေးသူငယ်များ၏ ပညာသင်ကြားခွင့်၊ ကျန်းမာရေးစောင့်ရှောက်ခွင့်၊ အိပ်ဆောင်များ၊ အစားအစာကျွေးမွေးမှု အခြေအနေ၊ သန့်ရှင်းသော သောက်သုံးရေရရှိခွင့်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်စသည့် အခြေခံလူ့အခွင့်အရေးများ ရရှိခြင်း ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ နားမကြားသော ကလေးများကျောင်း (ရန်ကုန်) နှင့် မေရီချက်ပ်မင်း နားမကြားကျောင်းများသို့ ကြည့်ရှုစစ်ဆေးရေးခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့သွားမည်ဖြစ်ပါသည်။



## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် သင်ခန်းစာ သွားရောက်ပို့ချခြင်း



ဒီဇင်ဘာလ ၁၂ ရက်

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ဖွင့်လှစ်လျက်ရှိသော ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း၊ အမှတ်စဉ် (၆) သို့ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ၈-၁၂-၂၀၂၂ ရက်နေ့၊ ၁၃:၀၀ နာရီ အချိန်မှ ၁၅:၅၅ နာရီအချိန်အထိ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်မှလည်းကောင်း၊ ၁၂-၁၂-၂၀၂၂ ရက်နေ့ ၁၃:၀၀ နာရီအချိန်မှ ၁၅:၅၀ နာရီ အချိန်အထိ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းမှလည်းကောင်း လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။

အဆိုပါ သင်တန်းများတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေးအခြေခံအယူများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းဆောင်ရွက်ချက်များအကြောင်းကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းက နိုင်ငံတော်နှင့် ပြည်သူ့တာဝန်၊ ကုလသမဂ္ဂ လူ့အခွင့်အရေးယန္တရား၊ ကမ္ဘာ့နိုင်ငံများ၏ လူ့အခွင့်အရေး

အခြေအနေများကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် စသည့် ဘာသာရပ်များကိုလည်းကောင်း သင်ခန်းစာများ အသီးသီး ပို့ချခဲ့ကြရာ စုစုပေါင်း သင်တန်းသားဦးရေ (၁၇) ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာတင်မောင်မောင်သန်း တို့က ပြန်လည်ဖြေကြားခဲ့ပါသည်။



## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) တွင် Video Conferencing System ဖြင့် သင်ခန်းစာပို့ချခြင်း



ဒီဇင်ဘာလ ၂၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးအာကာဟိန်းစိုးတို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ရင်းမှူးသင်တန်း အမှတ်စဉ် (၁၀၃) ကို ၂၀-၁၂-၂၀၂၂ ရက်နေ့၊ ၀၇:၄၀ နာရီမှ ၁၀:၄၀ နာရီအချိန်ထိ Video Conferencing System ဖြင့် သင်ခန်းစာပို့ချခဲ့ပါသည်။

အဆိုပါ သင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေးအခြေခံ အယူအဆများအကြောင်းနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်အကြောင်းကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးအာကာဟိန်းစိုးက ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်းနှင့် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ အဓိကစာချုပ်ကြီး (၉) ခုအကြောင်းကို လည်းကောင်း စသည့် ဘာသာရပ် သင်ခန်းစာများ အသီးသီး ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ (၆၀) ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်မှ ပြန်လည်ဖြေကြားခဲ့ပါသည်။

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) တွင် Video Conferencing System ဖြင့် သင်ခန်းစာပို့ချခြင်း

ဒီဇင်ဘာလ ၂၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းနှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၂၁၄) ကို ၂၀-၁၂-၂၀၂၂ ရက်နေ့၊ ၀၇:၄၀ နာရီ မှ ၁၀:၄၀



နာရီ အချိန်ထိ Video Conferencing System ဖြင့် သင်ခန်းစာ ပို့ချခဲ့ပါသည်။

အဆိုပါ သင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းက လူ့အခွင့်အရေး အခြေခံအယူအဆများအကြောင်းကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အကြောင်း စသည့် ဘာသာရပ် သင်ခန်းစာများအသီးသီး ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ (၁၂၀) ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးမှ ပြန်လည်ဖြေကြားခဲ့ပါသည်။

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) တွင် Video Conferencing System ဖြင့် သင်ခန်းစာပို့ချခြင်း



ဒီဇင်ဘာလ ၂၁ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးအာကာဟိန်းစိုးတို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၈၁၊ ၈၂) တို့ကို ၂၁-၁၂-၂၀၂၂ ရက်နေ့၊ ၁၂:၀၀ နာရီမှ ၁၅:၀၀ နာရီ အချိန်ထိ Video Conferencing System ဖြင့် သင်ခန်းစာ ပို့ချခဲ့ပါသည်။

အဆိုပါ သင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေးအခြေခံ အယူအဆ များအကြောင်းနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် အကြောင်းကိုလည်းကောင်း၊ ညွှန်ကြားရေး မှူး ဦးအာကာဟိန်းစိုးက ကမ္ဘာ့လူ့အခွင့်အရေးကြေညာ စာတမ်းအကြောင်း စသည့်ဘာသာရပ် သင်ခန်းစာများ အသီးသီး ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ (၂၃၃) ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော သင်တန်းသားများမှ သိရှိလို သည့် မေးခွန်းများကို မေးမြန်းကြရာ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်မှ ပြန်လည် ဖြေကြားခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ထားဝယ်အကျဉ်းထောင်နှင့် မြို့မရဲ စခန်းအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း



ဒီဇင်ဘာလ ၃၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေး ရေးအဖွဲ့သည် ၂၉-၁၂-၂၀၂၂ ရက်နေ့တွင် ထားဝယ် အကျဉ်းထောင်အားလည်းကောင်း၊ ၃၀-၁၂-၂၀၂၂ရက်နေ့ တွင် ထားဝယ်မြို့မ ရဲစခန်းအချုပ်ခန်းအားလည်းကောင်း သွားရောက်၍ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အကျဉ်းထောင်နှင့်ရဲစခန်းအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်

လုပ်ထုံးလုပ်နည်း ထုတ်ပြန်ချက်များနှင့်အညီ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံး ရရှိမည့်အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်မှု ရှိ၊ မရှိ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာ ရရှိခြင်း ရှိ၊ မရှိ၊ ရသင့် ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ၊ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်ခြင်းနှင့် ယခင်က ကြည့်ရှုစစ်ဆေးခဲ့သည့် အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အကျဉ်းထောင်ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများ၏ အိပ်ဆောင်များ၊ တိုက်ခန်းများ၊ အကျဉ်းထောင်ဆေးပေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်နှင့် သုံးရေကန်များ၊ အတွင်း/ အပြင်မိလ္လာများ သန့်ရှင်းမှု ရှိ၊ မရှိနှင့် Quarantine ထားရှိသည့်အဆောင်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း မြန်မာပြန်စာသားများ ပါရှိသော မှတ်စုစာအုပ် ၁၅၀ အုပ်၊ ဗဟုသုတရဖွယ်ရာ စာအုပ်စာပေ ၁၀၀ အုပ်တို့ကို ကော်မရှင်မှ ထားဝယ်အကျဉ်းထောင်ကို လှူဒါန်းခဲ့ရာ တာဝန်ခံအရာရှိမှ လက်ခံရယူခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည်ဖြစ်ပါသည်။



## တိုင်တန်းချက်များ စိစစ်ဆောင်ရွက်ခြင်း

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလအတွင်း လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနမှ တိုင်တန်းချက် (၁၉) စောင် လက်ခံရရှိခဲ့ပါသည်။ အဆိုပါ တိုင်တန်းချက်များကို ကော်မရှင်စုံစမ်းစစ်ဆေးရေးအဖွဲ့အစည်းအဝေး (၃) ကြိမ် ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်တန်းချက် (၁) စောင်ကို လိုအပ်သလို စိစစ် ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ ပေးပို့ အကြောင်းကြားခဲ့ပါသည်။ တိုင်တန်းချက် (၅) စောင်ကို ကာယကံရှင် တိုင်ကြားသူများထံသို့ ကော်မရှင်မှ အကြံပြုချက်နှင့်အတူ ပြန်ကြားခဲ့ပါသည်။ ကျန်တိုင်တန်းချက် (၁၂) စောင်ကို ကော်မရှင်ဥပဒေ ပုဒ်မ ၃၇ (က) အရလည်းကောင်း၊ ကော်မရှင်ဥပဒေ ပုဒ်မ ၃၂ (ဂ) အရလည်းကောင်း၊ တိုင်စာအင်္ဂါရပ်နှင့် မညီညွတ်၍လည်းကောင်း၊ ကော်မရှင်ဥပဒေ ပုဒ်မ ၃၇ (ခ) အရလည်းကောင်း မှတ်တမ်းထားရှိရန် ဆုံးဖြတ်ခဲ့ပါသည်။ နိုဝင်ဘာလအတွက် ဆောင်ရွက်ရန် လက်ကျန် တိုင်တန်းချက် (၁) စောင်သာ ကျန်ရှိပါသည်။

## MNHRC Mobile Application




၁၀-၁၂-၂၀၂၂ ရက်နေ့တွင် ကျရောက်သည့် (၇၄) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး အခမ်းအနားတွင် စတင် မိတ်ဆက် ဖြန့်ချိခဲ့သော MNHRC Mobile Application အား Google Play Store တွင် download ရယူ သုံးစွဲ၍ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးဆိုင်ရာ သတင်းများ၊ ဗဟုသုတများကို အချိန်နှင့် တစ်ပြေးညီ သိရှိနိုင်မည် ဖြစ်သကဲ့သို့ လူ့အခွင့်အရေး ချိုးဖောက်မှုများကို Application မှ တစ်ဆင့် တိုင်တန်းနိုင်ပြီဖြစ်ပါသည်။

---

## ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ အခမ်းအနား (၈/၂၀၂၂) ကျင်းပခြင်း

ဒီဇင်ဘာလ ၃၁ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ လစဉ်တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲကို ၃၁-၁၂-၂၀၂၂ ရက်နေ့ (၁၃:၀၀) နာရီ အချိန်တွင် ကော်မရှင်ရုံးချုပ်ရှိ Conference Room ၌ ကျင်းပခဲ့ရာ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် ကော်မရှင်ရုံးဌာနများမှ ဝန်ထမ်း (၄၂) ဦးတက်ရောက်ခဲ့ကြပြီး ကော်မရှင်ရုံးချုပ်ရှိ ကျန်ဝန်ထမ်းများနှင့် ရုံးခွဲများမှ ဝန်ထမ်းများမှာ Zoom Meeting စနစ်ဖြင့် တက်ရောက်ခဲ့ကြပါသည်။ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်မှ အဖွင့်အမှာစကားပြောကြားရာတွင် ကော်မရှင်ရုံး ဝန်ထမ်းများအနေဖြင့် ယခု အခမ်းအနားသည် ၂၀၂၂ ခုနှစ်အတွက် နောက်ဆုံးဖြစ်၍ မကြာမီ ၂၀၂၃ ခုနှစ်၊ နှစ်သစ်ရောက်တော့မည်ဖြစ်ပါကြောင်း ၂၀၂၂ ခုနှစ်တစ်နှစ်တာအတွင်း ကော်မရှင်ရုံး၏ လုပ်ငန်းတာဝန်များအား ဆောင်ရွက်ကြရာတွင် ကောင်းမွန်သည့် လုပ်ဆောင်ချက်များ ဆက်လက်ဆောင်ရွက်သွားနိုင်ရေး၊သင်ခန်းစာယူရမည့်ကိစ္စများ သင်ခန်းစာယူ၍ ပိုမိုကောင်းမွန်သည့် ဆောင်ရွက်ချက်



များလုပ်ဆောင်သွားကြပါရန်ဖြစ်ကြောင်း၊ ၁၀-၁၂-၂၀၂၂ မရက်နေ့တွင် ကျင်းပပြု လုပ်ခဲ့သည့် (၇၄) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခမ်းအနားအား အောင်မြင်စွာ ကျင်းပနိုင်ရေး စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့် အရာထမ်း၊ အမှုထမ်းများအား ချီးကျူးဂုဏ်ပြုပါကြောင်း စသည်ဖြင့် အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ထို့နောက် ကော်မရှင်ရုံးဌာနအသီးသီးရှိ ဝန်ထမ်းများ၊ ကော်မရှင်ရုံးခွဲများမှ ဆန္ဒဖော်ထုတ်တင်ပြခဲ့ကြပြီး ညွှန်ကြားရေးမှူးချုပ်မှ ဆန္ဒဖော်ထုတ်တင်ပြမှုများအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ရေး လမ်းညွှန်မှုပြုခဲ့ပါသည်။ အခမ်းအနားအား (၁၄:၁၀) နာရီ အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## ဝန်ထမ်းရေးရာအကြံပေးအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၅/၂၀၂၂) ကျင်းပခြင်း

ဒီဇင်ဘာလ ၂၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး Conference Room တွင် ၂၀-၁၂-၂၀၂၂ ရက်နေ့က ညွှန်ကြားရေးမှူးချုပ် ဦးဆောင်ပြီး ဌာနတာဝန်ခံ ညွှန်ကြားရေးမှူးများ ပါဝင်သည့် ဝန်ထမ်းရေးရာ အကြံပေးအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၅/၂၀၂၂) ကို ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးတွင် ဒုတိယ လူ့အခွင့်အရေးဦးစီးမှူးရာထူး ခန့်အပ်နိုင်ရေးအတွက် ဆောင်ရွက်နေမှုများ၊ အငယ်တန်းစာရေးများ ဆက်လက်ခန့်အပ်နိုင်ရေးကိစ္စနှင့် အခြားသော ဝန်ထမ်းရေးရာကိစ္စများ ဆွေးနွေးခဲ့ကြပါသည်။

## အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ဂုဏ်ပြုကြိုဆိုခြင်း အထိမ်းအမှတ် ဟောပြောပွဲ အခမ်းအနား ကျင်းပခြင်း



ဒီဇင်ဘာလ ၂ ရက်

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံး၊ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးဌာနမှ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျရောက်သည့် **“အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့”**အား ဂုဏ်ပြုကြိုဆိုခြင်း အထိမ်းအမှတ် ဟောပြောပွဲအခမ်းအနားကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး Conference Room တွင် ၂-၁၂-၂၀၂၂ ရက်နေ့ ၁၃:၀၀ နာရီ အချိန်မှ ၁၄:၀၀ နာရီအချိန်အထိ Hybrid System ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင် ဥက္ကဋ္ဌ ဦးလှမြင့်နှင့် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်း၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ဌာနအသီးသီးမှ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်း စုစုပေါင်း (၄၀) ဦးခန့် တက်ရောက်ခဲ့ကြပြီး ကော်မရှင်ရုံး၊ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းမှ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးဌာနမှ ဦးစီးအရာရှိ (Disabled Desk) ဒေါ်ဇင်မင်းသက်လွင်က မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ကဏ္ဍအလိုက် ဆွေးနွေးဟောပြောခဲ့ပါသည်။ ဟောပြောဆွေးနွေးမှုအပေါ် ညွှန်ကြားရေးမှူး ဦးအာကာဟိန်းစိုးမှ နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။



## ဒုတိယလူ့အခွင့်အရေးဦးစီးမှူးရာထူးနေရာ ခန့်ထားနိုင်ရေး အရည်အချင်းစိစစ်ရေး အဖွဲ့ အစည်းအဝေး ကျင်းပခြင်း

ဒီဇင်ဘာလ ၁၄ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး Conference Room တွင် ၁၄-၁၂-၂၀၂၂ ရက်နေ့တွင် ဒုတိယလူ့အခွင့်အရေး ဦးစီးမှူးရာထူးနေရာ ခန့်ထားနိုင်ရေး အရည်အချင်းစိစစ်ရေးအဖွဲ့ အစည်းအဝေးအား ကျင်းပပြုလုပ်ခဲ့ရာ အရည်အချင်းစိစစ်ရေးအဖွဲ့ ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းနှင့် အရည်အချင်းစိစစ်ရေးအဖွဲ့ဝင် ညွှန်ကြားရေးမှူး (၄) ဦး တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် ဒုတိယလူ့အခွင့်အရေးဦးစီးမှူး ရာထူးနေရာခန့်ထားနိုင်ရေးအတွက် ရေးဖြေ၊ လူတွေ့နှင့် ကွန်ပျူတာ စစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးခဲ့ကြပါသည်။

## မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) တွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခြင်း



ဒီဇင်ဘာလ ၁ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိ အတတ်သင်ကျောင်း (မန္တလေး) တွင် ဖွင့်လှစ်လျက်ရှိသော မြို့နယ်ရဲတပ်ဖွဲ့မှူး သင်တန်းအမှတ်စဉ် (၆/၂၀၂၂) ၌ ၁-၁၂-၂၀၂၂ ရက်နေ့ နံနက် ၀၇:၃၀ နာရီမှ ၀၉:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။

အဆိုပါ သင်တန်းတွင် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက လူ့အခွင့်အရေးအခြေခံ အယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များစသည့် သင်ခန်းစာများကို ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ (၅၀) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ပြန်လည်ဖြေကြားခဲ့ပါသည်။

## စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခြင်း

ဒီဇင်ဘာလ ၂၈ ရက်

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ) တွင် ဖွင့်လှစ်လျက်ရှိသော ဦးစီးအရာရှိ (စုံစမ်းရေး) မွမ်းမံသင်တန်းအမှတ်စဉ် (၂/၂၀၂၂) သို့ ၂၈-၁၂-၂၀၂၂ရက်နေ့ မွန်းလွဲ ၁၃:၀၀ နာရီမှ ၁၅:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ ချခဲ့ပါသည်။

သင်တန်းတွင် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စသည့် ဘာသာရပ်များကို ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်း၌ စုစုပေါင်း သင်တန်းသားဦးရေ (၂၁) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ပြန်လည်ကြားဖြေကြားခဲ့ပါသည်။

# (၇၄) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲများတွင် ပထမဆုရ ကဗျာနှင့် ပန်းချီ

## UDHR

ခက်လက်ဝေဆာ
ကြေညာစာတမ်းဟာ
ဒီဇင်ဘာ (၁၀) မှာ ပေါ်ထွန်းလာ။

လူသားအဖြစ် မွေးဖွားရာ
ဂုဏ်သိက္ခာနဲ့ အခွင့်အရေးလည်းပါ
မှတ်ပါအပိုဒ် ၁ မှာ။

ခွဲခြားမှုတွေ မပြုစေဖို့
လွတ်လပ်ခွင့်တွေ ခံစားစေလို့
အပိုဒ် ၂ မှာဗျို့။

အပိုဒ် ၃ မှ ၂၁ ဟာ
နိုင်ငံအရေး ပြည့်သူအရေးပါ
တို့များမှတ်ရမှာ။


စီးပွား လူမှု ပြည်ကျိုးပြုနှင့်
ယဉ်ကျေးမှုပါ မချန်တာ
အပိုဒ် ၂၂ မှ ၂၇ ပါ။

အခွင့်အရေးနဲ့ လွတ်လပ်ခွင့်
လူတိုင်းခံစားခွင့်
ဖတ်ပါအပိုဒ် နှစ်ဆယ့်ရှစ်။

အခွင့်အရေးများကျင့်သုံးရာ
လူသားများ၏ တာဝန်ဟာ
အပိုဒ် ၂၉ မှာ။

အပိုဒ် ၃၀ အချုပ်ဝယ်
ကောက်ယူလွဲမှား အယူအဆများ
တားမြစ်ကန့်သတ် ကာကွယ်ထား။

**ကေရီ**



## Commemoration of the 74th International Human Rights Day Ceremony



December 13

MYANMAR and all ethnic nationals pay respects to each other and value human rights due to faiths and cultural traditions and own lifestyle, said Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing at the ceremony to mark the 74th Anniversary of International Human Rights Day at the Myanmar International Convention Centre-I in Nay Pyi Taw on 10 December.

Speaking on the occasion, the Senior General recounted that Myanmar voted for a decision to approve the Universal Declaration of Human Rights at the General Assembly of the United Nations on 10 December 1948.

The Universal Declaration of Human Rights expresses "All human beings are born free and equal in dignity and rights. "As such, all human beings need to value the integrity and rights of others and to equalize the term of rights without discrimination in enjoying their rights.

Moreover, the declaration clearly mentioned that all human beings, in enjoying human rights, shall follow the restrictions under the law with the aim of flourishing morality, peace and tranquillity of the people and development of benefits which are fair requirements in the society. Hence, everybody needs to take their freedom and rights as well as regard for freedom and rights of others without ignorance of responsibilities and ethics.

As part of regarding for norms of human rights mentioned in the Universal Declaration of Human Rights, these norms were inserted into the constitutions of the majority of global countries. Hence, Myanmar has comprehensively drawn these norms in the Constitution (2008) of the Republic of the Union of Myanmar. A law was enacted for the formation of the Myanmar National Human Rights Commission in order to further protect the fundamental rights of citizens mentioned in the Constitution and prevent violation of human rights and promote public awareness.



Restoration of peace and stability across the nation is crucial to enable the citizens to enjoy fundamental rights for the improvement of their socioeconomic status. In striving for ensuring equal terms of ethnic national people and national unity, everybody knows that priority is being



given to holding peace talks with ethnic armed organizations with the invitation in order to initiate national solidarity and peace.

Myanmar and all ethnic nationals pay respects to each other and value human rights due to faiths and cultural traditions and own lifestyle. In Myanmar society, the majority of the people accept and follow traditional laws comprising the advice and directives such as causes, behaviors, talks, and lifestyle to be followed for the benefit of human beings called code of ethics, social ethics including ethics of offspring, parents, pupils, teachers, husbands, wives, friends and chiefs as well as the attributes of patron in respective of relations arenas, and noble auspiciousness which brings advantages to the human beings for 38 items of auspiciousness, auspiciousness for a relationship, living, teaching, nursing, helping, obedience, genuine spirit, tolerance, thrift and mental strength.

As the approval of the Universal Declaration of Human Rights will turn 75 in coming 2023, all need to do activities in honour of the declaration as an important heritage of all human beings during the whole nation from this year's International Human Rights Day to the next year's.

Chairman of Myanmar National Human Rights Commission U Hla Myint reported on the accomplishment of the commission and Vice Chair Dr. Nanda Hmun read out the message of the UN Secretary–General.

The Senior General watched a video clip on human rights.

The commission chairman presented prizes to the winners in the poem, cartoon and article contests to mark the 74th Anniversary of International Human Rights Day. The application of the MNHRC was introduced to all. Artistes from the Fine Arts Department performed dances with the song under the title of Human Rights for All.

The Senior General and party viewed round the documentary photos on raising the human rights and awareness measures of the commission.




## MNHRC holds Divisional Presentation Event




December 13

In order to improve Human Rights knowledge and English language proficiency, Myanmar National Human Rights Commission, has launched the Divisional Presentation Event since May 2022. The event at the end of the year 2022 was held on 23 December 2022 at Conference Room of MNHRC. It was followed by on opening remarks made by U Hla Myint, chairman of the MNHRC at 1 pm on the same day. Present on the occasion were Vice chair, Commissioners, Director General, Divisional Directors and members of personnel from MNHRC head office and local branches.

Then U Zaw Lwin Htoo, Divisional Director of the Human Rights Promotion and Education Division, introduced the presentation in brief. After that, the presentation entitled "The Role of Awareness Raising in Human Rights" was delivered by U Kaung Khant Zin, Staff Officer of Human Rights Promotion and Education Division. Chairman, Vice Chairman and Commissioners of the Commission made particular comments and suggestions on his presentation. The event was successfully came to an end with the Chairman's general comments at 2 pm.




## MNHRC Gives Human Rights Lecture at Civil Service Academy (Lower Myanmar)



December 12

As part of the human rights promotion and education activities of Myanmar National Human Rights Commission, Dr Than Myint and Dr Tin Maung Maung Than, Commissioners respectively gave lectures on human rights at the Management Course for Executive Level Officials (No.6) held at the Civil Service Academy (Lower Myanmar ) on 8 December 2022 from 1:00 pm to 3:55 pm and 12 December 2022 from 1:00 pm to 3:50 pm.

In doing so, the Commissioner Dr Than Myint gave the lectures on Human Rights Concept, Universal Declaration of Human Rights and Organization and Functions of Myanmar

National Human Rights Commission, the Commissioner Dr  Tin Maung Maung Than also delivered the lectures on State Obligations and Public Responsibilities, the United Nations Human Rights Mechanism and Universal Periodic Review (UPR). After that the lecturers answered the questions asked by the trainees. A total of 17 deputy director generals from the departments attended as trainees the above-mentioned course.



## MNHRC Gives Human Rights Lecture at Myanmar Army Combat Force School (Bahtoo)

December 20

As part of the human rights promotion and education activities of Myanmar National Human Rights Commission, Dr. Than Myint, Commissioner and U Arkar Hein Soe, Director, of the Commission gave lectures at the Battalion Commander Training Course (No.103) held at Myanmar Army Combat Force School (Bahtoo) on 20 December 2022 from 07:40 am to 10:40 am.

In doing so, Commissioner Dr. Than Myint delivered the lectures on Human Rights Concept, Organization and Functions of Myanmar National Human Rights Commission and Director U Arkar Hein Soe gave the lectures on Universal Declaration of Human Rights, 9 Core International Human Rights Instruments. After that the Commissioner Dr. Than Myint  answered the questions asked by the trainees. A total of 60 Officers attended the Battalion Commander Training Course (No.103).



## MNHRC Gives Human Rights Lecture at Myanmar Army Combat Force School (Bahtoo)




December 20

As part of the human rights promotion and education activities of Myanmar National Human Rights Commission, Dr. Tin Maung Muang Than, Commissioner and U Zaw Lwin Htoo, Director, of the Commission gave lectures at the Company Commander Training Course (No.214) held at Myanmar Army Combat Force School (Bahtoo) on 20 December 2022 from 07:40 am to 10:40 am.

In doing so, Commissioner Dr. Tin Maung Muang Than delivered the lectures on Human Rights Concept, Director U Zaw Lwin Htoo gave the lectures on Universal Declaration of Human Rights and Organization and Functions of Myanmar National Human Rights Commission. After that the Director U Zaw Lwin Htoo answered the questions asked by the trainees. A total of 120 Officers attended the Company Commander Training Course (No.214).

## MNHRC Gives Human Rights Lecture at Myanmar Army Combat Force School (Bayintnaung)

December 21

As part of the human rights promotion and education activities of Myanmar National Human Rights Commission, Dr. Than Myint, Commissioner and U Arkar Hein Soe, Director, of the Commission gave lectures at the Company Commander Training Course (No.81 and 82) held at Myanmar Army Combat Force School (Bayintnaung) and on 21 December 2022 from 12:00 pm to 3:00 pm.

In doing so, Commissioner Dr. Than Myint delivered the lectures on Human Rights Concept, Organization and Functions of Myanmar National Human Rights Commission and Director U Arkar Hein Soe gave the lecture on Universal Declaration of Human Rights. After that the Commissioner Dr. Than Myint answered the questions asked by the trainees. A total of 233 Officers attended the Company Commander Training Course (No.81 and 82).



## Talk Show Launch to Mark International Day of Persons with Disabilities



December 2

As an effort to honour International Day of Persons with Disabilities (PwD), which will fall on 3rd December 2022, a commemorative talk show has been initiated by the Human Rights Promotion and Education Division of Myanmar National Human Rights Commission. The particular talk show in honour of International Day of Persons with Disabilities, which was simultaneously held through a hybrid system, was also conducted at the Conference Room of the Commission at 1 p.m on 2nd December 2022.

Chairman of the Commission U Hla Myint, Commissioner Dr. Tin Maung Maung Than, Acting Director General Dr. Khine Khine Win, Directors and a total of (40) staff from the divisions, attended the ceremony through video conferencing and in person. At the ceremony, it was launched with opening remarks delivered by the Acting Director General Dr. Khine Khine Win. Then, Staff Officer Daw Zin Min Thet Lwin, the desk officer for the rights of Persons with Disabilities, presented PwD rights in respective sectors. The ceremony came to an end at 2 p.m following the closing remarks made by the Director U Arkar Hein Soe.



## MNHRC Gives Human Rights Lecture at Police Officer Training School (Mandalay)



December 1

As part of the human rights promotion and education activities of Myanmar National Human Rights Commission, U Zaw Lwin Htoo, Director gave the lectures on human rights at the Police Township Commander Training Course (62/2022) held at Police Officer Training School (Mandalay) on 1 December 2022 from 7:30 am to 9:50 am.

The lectures on Human Rights Concept, Universal Declaration of Human Rights and Organization and Functions of Myanmar National Human Rights Commission were delivered of the course. After that the lecturer answered the questions asked by the trainees. A total of 50 officers attended the above-mentioned course.

## MNHRC Gives Human Rights Lecture at Special Investigation Training School

December 28

As part of the human rights promotion and education activities of Myanmar National Human Rights Commission, Daw Mi Mi Khaing, Deputy Director gave the lectures on human rights at the Refresher Course for Staff Officer (Investigation) (No.2/2022) held at Investigation Officer Training School (Taungoo) on 28 December 2022 from 1:00 pm to 3:50 pm.

In doing so, Deputy Director Daw Mi Mi Khaing gave lectures on Human Rights Concepts, Universal Declaration of Human Rights, Myanmar National Human Rights Commission and its Activities. After that the lecturer answered the questions asked by trainees. A total of 21 staff officers attended the above-mentioned course.

# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၀၁၆၅၄၆၇၀

website: https://mnhrc.org.mm
facebook: www.facebook.com/myanmar

**နေပြည်တော် (ရုံးခွဲ)**
သဇင်လမ်းနှင့် ဇော်ဂျီ
လမ်းထောင့်၊ရွှေကြာပင်ရပ်ကွက်၊
ဇမ္ဗူသီရိမြို့နယ်။
ဖုန်း– ၀၆၇၃၄၃၂၅၉၅

**မန္တလေး (ရုံးခွဲ)**
ကမ်းနားလမ်း၊ ၃၄ လမ်းနှင့်
၃၅ လမ်းကြား၊ ဒေးဝန်းအနောက်
ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊
မန္တလေးမြို့။
ဖုန်း–၀၉၅၃၄၃၆၅၀

**စစ်တွေ (ရုံးခွဲ)**
ရခိုင်ပြည်နယ် အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန၊
ပြည်နယ်ရုံး၊ စစ်တွေမြို့။
ဖုန်း–၀၉၄၂၅၈၆၀၀၀၈

**ပုသိမ် (ရုံးခွဲ)**
အမှတ် (၁၃) ရပ်ကွက်၊
မဟာစေတီလမ်းမကြီး၊
မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။
ဖုန်း– ၀၄၂၂၉၃၂၇

*e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။*
*e-government@mnhrc.org.mm*